# ထိုင်ဝမ်သက္ကရာဇ် ၁၁၂ ခုနှစ် (၂၀၂၃ ခုနှစ်) နေထိုင်သူသစ် လူမှုဘဝ လိုအပ်ချက်စစ်တမ်း အကျဉ်းချုပ် အစီရင်ခံစာ

ပြည်ထဲရေးဝန်ကြီးဌာန၊ အိမ်ထောင်စုရေးရာဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန၏ စာရင်းအချက်အလက်များအရ ထိုင်ဝမ်သက္ကရာဇ် ၁၁၃ ခုနှစ် (၂၀၂၄ ခုနှစ်) ဇွန်လကုန်အထိ ထိုင်ဝမ်တွင် နေထိုင်သူသစ် အရေအတွက်သည် ၆ သိန်းနီးပါးရှိပြီး ၎င်းတို့မှ မွေးဖွားလာသော သားသမီးများလည်း ၄ သိန်း ၇ သောင်း ကျော်ရှိကြောင်း တွေ့ရှိရသည်။ ၎င်းတို့သည် အစိုးရမူဝါဒအရ ကူညီစောင့်ရှောက်၊ ဝန်ဆောင်မှုပေးရန် ရည်မှန်းထားသည့် အရေးကြီးသော လူ့အဖွဲ့အစည်းများဖြစ်သည်။ ထို့ကြောင့် အစိုးရသည် နေထိုင်သူသစ်များ၏ ဘဝလိုအပ်ချက်များကို နားလည်ရန် ထိုင်ဝမ်သက္ကရာဇ် ၉၂ ခုနှစ် (၂၀၀၃ ခုနှစ်)မှစ၍ စစ်တမ်း စတင်ကောက်ယူခဲ့ပြီး နောင်တွင် ၅ နှစ်တစ်ကြိမ် စစ်တမ်းကောက်ယူခဲ့သည်။ ယခုစစ်တမ်းသည် ပဉ္စမမြောက် စစ်တမ်းဖြစ်သည်။ ဤစစ်တမ်းကောက်ယူသော နယ်ပယ်ဒေသမှာ ထိုင်ဝမ်နှင့် ဖူကျန့်ဒေသများရှိ မြူနီစီပယ်မြို့များ၊ ခရိုင်များ (မြို့များ) ဖြစ်ပြီး စစ်တမ်းတွင် တွေ့ဆုံမေးမြန်း ဖြေကြားသူများမှာ နိုင်ငံခြားသား တရားဝင်နေထိုင်ခွင့်ကတ် သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ကတ်များ ကိုင်ဆောင်ထားသော နိုင်ငံခြားသားအိမ်ထောင်ဖက်များ၊ တရုတ်သမ္မတနိုင်ငံသား အဖြစ်ခံယူထားသော နိုင်ငံခြားသားအိမ်ထောင်ဖက်များအပြင် ထိုင်ဝမ်တွင် နေထိုင်သည့်၊ ထာဝရအခြေချနေထိုင်သည့် သို့မဟုတ် အိမ်ထောင်စုစာရင်းမှတ်ပုံတင်ရှိသည့် ဟောင်ကောင်၊ မကာအိုနှင့် တရုတ်ပြည်မကြီးမှ အိမ်ထောင်ဖက်များဖြစ်သည်။ နိုင်ငံခြားတွင် ၂ နှစ်ကျော် နေထိုင်နေသော နေထိုင်သူသစ်များ မပါဝင်ပါ။ စစ်တမ်းကို ထိုင်ဝမ်သက္ကရာဇ် ၁၁၂ ခုနှစ် (၂၀၂၃ ခုနှစ်) ဇွန်လမှ အောက်တိုဘာလအထိ ထိုင်ဝမ်ရှိ နေထိုင်သူသစ် ၁၀,၄၃၀ ယောက်အား မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းခြင်းဖြင့် အောင်မြင်စွာမေးမြန်းနိုင်ခဲ့သည်။ စစ်တမ်းမှတဆင့် နေထိုင်သူသစ် မိသားစုများ၏ လူနေမှုဘဝနှင့် အလုပ်အကိုင်ဆိုင်ရာ အခြေအနေ၊ အချက်အလက်များကို စုံစမ်းစုဆောင်းပြီး အစိုးရမူဝါဒလမ်းညွှန်နှင့်

ဝန်ဆောင်မှုများအတွက် ကိုးကား အသုံးချကာ ကွဲပြားကြွယ်ဝသော ယဉ်ကျေးမှုနှင့် ဘာသာပေါင်းစုံပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူသစ်များအား ဝမ်းပန်းသတာကြိုဆိုသော လူ့အဖွဲ့အစည်း ဖန်တီးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤစစ်တမ်းကို ကောက်ယူခြင်း ဖြစ်သည်။ အောက်ပါတို့သည် ဤစစ်တမ်း၏ တရားဝင်စစ်တမ်းမေးခွန်းလွှာ ၁၀,၄၃၀စောင်မှ အဓိကတွေ့ရှိချက် အကျဉ်းချုပ်ဖြစ်သည်။

## ၁။ ။ နေထိုင်သူသစ် အုပ်စုများ၏ အသွင်အပြင်

### (က) အခြေခံအချက်အလက်

ဤစစ်တမ်းတွင် နေထိုင်သူသစ်အများစုမှာ အမျိုးသမီးများဖြစ်ပြီး ၉၁.၂% ရှိကာ အမျိုးသားဦးရေလည်း တိုးလာနေသည့် အလားအလာ ရှိသည်။ အသက်အရွယ်ဖွဲ့စည်းပုံမှာ အဓိကအားဖြင့် ၃၅-၅၄ နှစ်ဖြစ်ပြီး ၃၅-၄၄ နှစ်သည် ၄၁.၁%၊ ၄၅-၅၄ နှစ်သည် ၃၅.၂% ဖြစ်သည်။ မူလမွေးဖွားရာ နိုင်ငံ၏ဖွဲ့စည်းပုံမှ ကြည့်လျှင် နိုင်ငံခြားအိမ်ထောင်ဖက်များ ၄၈.၈% ဖြစ်ပြီး၊ တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့် မကာအိုတို့မှ အိမ်ထောင်ဖက်များ ၅၁.၂% ရှိသည်။ ထိုင်ဝမ်သို့ မလာမီ အများစု၏ ပညာရေးအဆင့်သည် အများအားဖြင့် အထက်တန်းကျောင်း (သက်မွေးဝမ်းကျောင်း)ဖြစ်ပြီး အထက်တန်းကျောင်း (သက်မွေးဝမ်းကျောင်း) အထက် ပညာသင်ယူခဲ့သော အချိုးအစားသည် ထိုင်ဝမ်သက္ကရာဇ် ၉၇ ခုနှစ် (၂၀၀၈ ခုနှစ်) စစ်တမ်း၏ ၃၄.၇% မှ ၅၃.၅% ထိ တိုးများလာသည်။

### (ခ) ထိုင်ဝမ်တွင် နေထိုင်မှုနှင့် အိမ်ထောင်ရေးအခြေအနေ

ဤစစ်တမ်းတွင် ထိုင်ဝမ်တွင် ၁၀ နှစ်ကျော်နေထိုင်ခဲ့သောသူ အချိုးအစားသည် ထိုင်ဝမ်သက္ကရာဇ် ၁၀၇ ခုနှစ် (၂၀၁၈ ခုနှစ်) (ထိုနှစ်တွင် မေးခဲ့သော တရားဝင်စစ်တမ်းမေးခွန်းလွှာအရေအတွက်မှာ ၁၈,၂၆၀ စောင်ဖြစ်သည်။) စစ်တမ်း၏ ၆၄.၆% မှ ၇၅.၉% ထိ တိုးလာသည်။ ၎င်းတို့ထဲတွင် နေထိုင်သူသစ် ၄၀% နီးပါးသည်  ထိုင်ဝမ်တွင် နှစ်၂၀ ကျော်အထက် နေထိုင်ခဲ့ပြီးဖြစ်သည်။  နိုင်ငံခြားအိမ်ထောင်ဖက်များဖြစ်စေ၊

တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့် မကာအိုတို့မှ အိမ်ထောင်ဖက်များဖြစ်စေ ၇၀%ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံသားစိစစ်ရေးကတ်ကို ရရှိထားသူများ ဖြစ်သည်။

စစ်တမ်းအရ နိုင်ငံ (နယ်စပ်) ဖြတ်ကျော် အိမ်ထောင်၏ ၃၁.၈ %သည် မူလနိုင်ငံရှိ ဆွေမျိုးများနှင့် သူငယ်ချင်းများက မိတ်ဆက်ကြပြီး ၂၂.၄ %သည် လုပ်ငန်းခွင် ဆက်ဆံခြင်းမှတဆင့် သိကြသည်။ ထိုင်ဝမ်တွင် ၁၅ နှစ်ကျော်ကြာ နေထိုင်သူများ၏ ၂၀% ကျော်သည် အောင်သွယ် ဝန်ဆောင်မှုမှတဆင့် တွေ့ဆုံခဲ့ပြီး ထိုင်ဝမ်တွင် ၁၅ နှစ်အောက်နေထိုင်သူများ၏ အချိုးအစားရာခိုင်နှုန်းသည် ၁၀% အောက်သို့ကျဆင်းသွားကာ တစ်ယောက်နဲ့တစ်ယောက် သိခွင့်ရရန် နည်းလမ်းသည်လည်း ဆွေမျိုးများနှင့် သူငယ်ချင်းများမှ မိတ်ဆက်ပေးခြင်း (၅၀% ခန့်) ၊ လုပ်ငန်းခွင်တွင် သိကျွမ်းခြင်း (၃၀%ခန့်) သို့ ပြောင်းလဲသွားသည်။ ၅ နှစ်အောက်နေထိုင်သူများသည် ပညာသင်ကြားခြင်း၊ ခရီးသွားခြင်းနှင့် အင်တာနက်မှတဆင့် အခြားသူများနှင့် သိရှိနှုန်းမှာလည်း အတော်လေး မြင့်သည်။ နေထိုင်သူသစ်များ၏ ၄၂.၉% သည် အိမ်ထောင်းရေးသက်တမ်း နှစ်ပေါင်း ၂၀ ကျော်ပြီး ၃၇.၁% သည် ၁၀ မှ ၂၀ နှစ်အောက်ဖြစ်ကာ ၂၀.၀% သည် ၁၀ နှစ်အောက်ဖြစ်သည်။ ၎င်းတို့ထဲတွင် ၈၈.၀%သည် အိမ်ထောင်တည်မြဲစဲဖြစ်ပြီး ၄.၃%မှာ ကွာရှင်းပြီးဖြစ်သည်။

## ၂။ ။ ထိုင်ဝမ် လူမှုဘဝအကျဉ်းချုပ်

ဤစစ်တမ်းအရ နေထိုင်သူသစ်များ ထိုင်ဝမ်တွင်ဝယ်ယူထားသော အာမခံများတွင် အမျိုးသား ကျန်းမာရေးအာမခံသည် လူဦးရေ ၁၀၀ လျှင် ၉၈ ဦးထိရှိပြီး အများဆုံးဖြစ်ပြီး ကျန် ၇၄ % မှာ အလုပ်ခွင် အာမခံအမျိုးမျိုး ( အလုပ်သမားအာမခံ၊ တောင်သူလယ်သမားအာမခံနှင့် ပြည်သူ့ဝန်ထမ်းအာမခံ စသည်တို့) ဖြစ်သည်။ မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်လိုင်စင်သည် ထိုင်ဝမ်တွင် အသုံးများသော လိုင်စင်တစ်ခုဖြစ်ကာ လူ ၁၀၀ လျှင် ၆၃ ဦး ကိုင်ဆောင်လေ့ရှိပြီး လူ ၁၀၀ လျှင် ၄၃ ဦးသည် မော်တော်ကား

မောင်းနှင်ခွင့်လိုင်စင် ရှိသည်။ ၎င်းစာရင်းသည် ထိုင်ဝမ်သက္ကရာဇ် ၉၇ ခုနှစ် (၂၀၀၈ ခုနှစ်) ကောက်ယူသော စစ်တမ်း၏ လူ ၁၀၀ လျှင် ၃၂ ဦး မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်လိုင်စင်ရှိပြီး လူ ၁၀၀ လျှင် ၁၄ ဦးသည် မော်တော်ကား မောင်းနှင်ခွင့်လိုင်စင် ကိုင်ဆောင်ထားသူများထက် များစွာ ပိုများသည်။ ထို့အပြင် နည်းပညာရှင်လက်မှတ် ကိုင်ဆောင်ထားသူများ၏ အချိုးအစားသည် ထိုင်ဝမ်သက္ကရာဇ် ၁၀၇ ခုနှစ် (၂၀၁၈ ခုနှစ်) ကောက်ယူသော စစ်တမ်း၏ ၆.၁% မှ ၈.၇% ထိသို့ တိုးလာခဲ့သည်။ ဤစာရင်းများအရ ယာဉ်မောင်းလိုင်စင် သင်တန်းနှင့် နည်းပညာဆိုင်ရာလက်မှတ် ဖြေဆိုရန် စာမေးပွဲများတွင် ပါဝင်ဖို့ နိုင်ငံတော်၏ အားပေးကူညီဆောင်ရွက်မှုများသည် ထိရောက်အောင်မြင်ကြောင်း သိသာထင်ရှားသည်။

## ၃။ ။ အလုပ်သမားများအလုပ်ခွင်တွင်း အခြေအနေ

### (က) အလုပ်သမားများ အလုပ်ခွင်တွင်းပါဝင်မှုနှင့် လုံခြုံရေးအခြေအနေ

ဤစစ်တမ်းအရ နေထိုင်သူသစ်များ၏ လုပ်သားအင်အား အလုပ်ခွင်တွင်းပါဝင်မှုနှုန်းသည် ၇၅.၀%ဖြစ်သည်။ လွန်ခဲ့သည့် ငါးနှစ်တွင်း သာမန်ပြည်သူလူထု၏ ပျမ်းမျှလုပ်သားအင်အား ပါဝင်မှုနှုန်း (၅၉.၀၂% ~ ၅၉.၂၂%) ထက် မြင့်သည်။ အလုပ်ခွင်အာမခံတွင် အလုပ်သမား အာမခံသည် လူ ၁၀၀ လျှင် ၅၉ ဦးရှိကာ အမြင့်ဆုံးဖြစ်ပြီး အလုပ်သမား အာမခံ ပါဝင်နှုန်းသည် ထိုင်ဝမ်သက္ကရာဇ် ၉၇ ခုနှစ် (၂၀၀၈ ခုနှစ်) ၏ ၁၆ %၊ ထိုင်ဝမ်သက္ကရာဇ် ၁၀၂ ခုနှစ် (၂၀၁၃ ခုနှစ်) ၏ ၃၀ %၊ ထိုင်ဝမ်သက္ကရာဇ် ၁၀၇ ခုနှစ် (၂၀၁၈ ခုနှစ်) ၏ ၅၀% မှ ၆၀% ထိ တိုးများလာသည်။ နေထိုင်သူသစ်များ၏ အလုပ်သမားလုံခြုံရေးသည် သိသိသာသာ တိုးတက်လာကြောင်း သိသာထင်ရှားသည်။

### (ခ) အလုပ်အကိုင်အခြေအနေ

နေထိုင်သူသစ်များ ပါဝင်လုပ်ကိုင်သည့် လုပ်ငန်းများမှာ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း (၃၀.၃%)၊ ဟိုတယ်တည်းခိုရေးနှင့် စားသောက်ကုန်လုပ်ငန်း (၂၁.၈%) ဖြစ်သည်။ သက်မွေးဝမ်းကျောင်း

အလုပ်အကိုင်တွင် ဝန်ဆောင်မှုနှင့် အရောင်းဝန်ထမ်း (၁၇.၈%)၊ အခြေခံနည်းပညာလုပ်သားများနှင့် ကာယလုပ်သား (၂၆.၉%) သည် အများဆုံးဖြစ်သည်။ အများစုသည် ပုဂ္ဂလိက အလုပ်ရှင်များ၏ ဝန်ထမ်း (၇၄.၈%) ဖြစ်ကာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ ၁၈.၅% ရှိပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ အချိုးအစား တိုးများလာသည့် လက္ခဏာရှိသည်။ ပုဂ္ဂလိက အလုပ်ရှင်များ၏ဝန်ထမ်း အဖြစ် လုပ်ကိုင်သူတွင် အချိန်ပြည့်လုပ်သား (၈၄.၃%) သည် အများစုဖြစ်ပြီး အချိန်ပိုင်းလုပ်သား အချိုးအစားသည် ၁၅.၇% ဖြစ်သည်။

**(ဂ) အလုပ်အကိုင် ကျေနပ်မှု နှင့် အလုပ်အကိုင် အခက်အခဲများ**

နေထိုင်သူသစ် လုပ်သားများ၏ ၉၄.၈% သည် ၎င်းတို့၏ လက်ရှိအလုပ်ကို ကျေနပ်ကြပြီး ၅.၂% ကသာ မကျေနပ်ပါ။ နေထိုင်သူသစ် လုပ်သားများ၏ ၇၄.၉% သည် ထိုင်ဝမ်တွင် အလုပ်လုပ်ကိုင်ရာ အခက်အခဲ ကြုံတွေ့ရခြင်းမရှိ။ အခက်အခဲ ကြုံတွေ့ရသူများသည် လစာ သို့မဟုတ် ခံစားခွင့်များသည် မျှော်မှန်းထားသည့်အတိုင်း မဟုတ်ခြင်း (လူ ၁၀၀ လျှင် ၈ ဦး) နှင့် တရုတ်စာတတ်မြောက်မှုနှင့် စာရေးစွမ်းရည် အားနည်းခြင်း (လူ ၁၀၀ တွင် ၅ ဦး) တို့သည် ၎င်းတို့၏ အဓိက အလုပ်အကိုင်အခက်အခဲများဖြစ်သည်ဟု ဆိုသည်။

နေထိုင်သူသစ် လုပ်သားများ၏ ၈၅.၈%သည် အလုပ်ရှာဖွေရာတွင် အခက်အခဲများ မကြုံတွေ့ရကြောင်း (အလုပ်ရှာဖွေသော အတွေ့အကြုံမရှိသူ ၉.၈ %နှင့် အလုပ်အကိုင်ရှာဖွေသော အတွေ့အကြုံရှိသော်လည်း အခက်အခဲ မကြုံတွေ့သူ ၇၆.၀ %တို့ ပါဝင်သည်)ဟု ပြောဆိုသည်။ အခက်အခဲ ကြုံတွေ့ရခြင်းတွင် တရုတ်စာတတ်မြောက်မှုနှင့် စာရေးစွမ်းရည် အားနည်းခြင်း (လူ ၁၀၀ တွင် ၃၀ ဦး)၊ ဘာသာစကား ပြောဆိုဆက်ဆံရေးစွမ်းရည် အားနည်းခြင်း (လူ ၁၀၀ တွင် ၂၆ ဦး)၊ အလုပ်အကိုင်တွင် ခွဲခြားဆက်ဆံခံရခြင်း (ဥပမာ လိင်၊ ဘာသာစကား၊ လူမျိုး၊ မွေးရပ်မြေ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းခြင်း စသည်များ) (လူ ၁၀၀ လျှင် ၂၄ ဦး) နှင့် မိမိကျွမ်းကျင်မှုနှင့် သင့်လျော်သော အလုပ်အကိုင်ကို ရှာမတွေ့ခြင်း

(လူ ၁၀၀ လျှင် ၂၄ ဦး) တို့သည် အဓိက ဖြစ်သည်။

**(ဃ) အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ လိုအပ်ချက်**

နေထိုင်သူသစ်များအတွက် အလုပ်အကိုင်ရှာဖွေရန်နည်းလမ်းများတွင် ထိုင်ဝမ်ဆွေမျိုးများနှင့် သူငယ်ချင်းများ (အိမ်ထောင်ဖက်များအပါအဝင်)အကြံပေးခြင်း (လူ ၁၀၀ လျှင် ၃၄ ဦး)၊ ထိုင်ဝမ်နေထိုင်သော မွေးရပ်မြေမှ ဆွေမျိုးများနှင့် သူငယ်ချင်းများမှ အကြံပေးခြင်း (လူ ၁၀၀ လျှင် ၂၃ ဦး)၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း (လူ ၁၀၀ လျှင် ၁၃ ဦး) နှင့် အလုပ်သမား ရှာဖွေစုဆောင်းရေး ဝန်ဆောင်မှု ပုဂ္ဂလိက ကုမ္ပဏီများ (လူ ၁၀၀ လျှင် ၁၁ ဦး) သည်အများစု ဖြစ်သော်လည်း  လူမှုဆက်ဆံရေးကွန်ရက်၏ အကြံပြု၊ မိတ်ဆက်ပေးခြင်းကို အဓိကအားထားဆဲ ဖြစ်သည်။ အလုပ်အကိုင် ရှာဖွေရာတွင် မိမိအိမ်ပတ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများနှင့် နီးကပ်စွာ ဆက်နွယ်ပတ်သက်နေသည်။ အလုပ်အကိုင်ဝန်ဆောင်မှုများတွင် နေထိုင်သူသစ်များအတွက် "သက်မွေးဝမ်းကြောင်းသင်တန်း အခမဲ့ တက်ရောက်ခြင်း" နှင့်  " သက်မွေးဝမ်းကျောင်းသင်တန်းများ တက်နေချိန်တွင် နေထိုင်စရိတ် ထောက်ပံ့ပေးခြင်း" တို့သည် အဓိကလိုအပ်ချက်ဖြစ်သည်။

**(င) စွန့်ဦးတီထွင်လိုစိတ်နှင့် ပံ့ပိုးကူညီမှု လိုအပ်ချက်များ**

နေထိုင်သူသစ်များ၏ ၁၅.၄% သည် လက်ရှိတွင် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေပြီး ၁၄.၂% သည် အနာဂတ်တွင် စီးပွားရေးလုပ်ငန်း တစ်တစ်ခုစတင်ရန် ဆန္ဒရှိနေသည်။ စီးပွားရေးလုပ်ငန်း စတင်ရန် ပြင်ဆင်ချိန်/ လုပ်ငန်းလည်ပတ်နေချိန်တွင် ၄၄.ဝ% မှ အခက်အခဲများ ကြုံတွေ့ခဲ့ပြီး အဓိက အခက်အခဲများမှာ ရင်းနှီးမြှုပ်နှံရန် ငွေကြေး မလုံလောက်ခြင်း သို့မဟုတ် ချေးငွေ ရရန်မလွယ်ကူခြင်း (လူ ၁၀၀ တွင် ၂၄ ဦး)၊ စီးပွားရေး အခြေအနေ ပြောင်းလဲခြင်း (လူ ၁၀၀ တွင် ၁၅ ဦး)၊ ဈေးကွက်၌ ယှဉ်ပြိုင်မှု များပြားခြင်း (လူ ၁၀၀ တွင် ၁၃ ဦး)၊ ဈေးကွက်ချဲ့ထွင်မှု အားနည်းခြင်း၊ မလုံလောက်ခြင်း (လူ ၁၀၀ တွင် ၁၁ ဦး) စသည်တို့ ဖြစ်သည်။ စွန့်ဦးတီထွင်မှုဆိုင်ရာ အကူအညီပေးရေး

အစီအစဉ်တွင် အစိုးရထံမှ ရရှိရန် မျှော်လင့်သော အဓိက ကူညီထောက်ပံ့မှုများမှာ စွန့်ဦးတီထွင်ချေးငွေ ထောက်ပံ့မှုများ (လူ ၁၀၀ လျှင် ၃၅ ဦး) နှင့် စွန့်ဦးတီထွင်မှု သင်တန်းများ (လူ ၁၀၀ လျှင် ၂၈ ဦး) တို့ဖြစ်သည်။

## ၄။ ။ မိသားစုအခြေအနေနှင့် သားသမီးများကို ပြုစုပျိုးထောင်ရေး

### (က) ထိုင်ဝမ်အိမ်ထောင်ဖက် (နိုင်ငံသား) အုပ်စု၏ အသွင်အပြင်

ထိုင်ဝမ်အိမ်ထောင်ဖက် (နိုင်ငံသား) ၏ ၇၈% နီးပါးသည် ပထမဦးဆုံးအကြိမ် အိမ်ထောင်ကျခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်ပြည်မကြီးမှ နေထိုင်သူသစ်၏ ထိုင်ဝမ်အိမ်ထောင်ဖက်(နိုင်ငံသား)များ နောက်ထပ် အိမ်ထောင်ကျနှုန်းသည် ၂၀% ကျော်ရှိသည်။ ထိုင်ဝမ်အိမ်ထောင်ဖက် (နိုင်ငံသား) ၏ ၈၀% သည် အလုပ်ခွင်တွင် ဝင်ရောက်လုပ်ကိုင်နေပြီး အဓိက အလုပ်အကိုင်များမှာ ကုန်ထုတ်လုပ်ရေး (၂၉.၅%)၊ ဆောက်လုပ်ရေး (၁၂.၉%) နှင့် လက်ကား/လက်လီ ရောင်းဝယ်ရေး (၁၂.၉%) တို့ဖြစ်သည်။ အလုပ်အကိုင်အမျိုးအစားတွင် အတတ်ပညာနှင့် ပတ်သက်သည့် လုပ်သားများ၊ စက်ယန္တရားနှင့် စက်ပစ္စည်းများကို ကိုင်သွယ်မောင်းနှင်းလည်ပတ်ခြင်း၊ တပ်ဆင်ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်း လုပ်သားများ (၄၃.၄%)သည် အများစုဖြစ်သည်။ တစ်လလုပ်အားလစာသည် အများစုမှာ "၃ သောင်း မှ ၅ သောင်းအောက်" ဖြစ်ပြီး လစဉ်ပျမ်းမျှဝင်ငွေမှာ ၄၄,၂၀၇ ယွမ်ခန့် ရှိသည်။

### (ခ) မိသားစု လူမှုစီးပွားရေး နောက်ခံ

နေထိုင်သူသစ် မိသားစုများသည် အဓိကအားဖြင့် နျူကလိယအိမ်ထောင်စု (မိဘနှစ်ပါးနှင့် ကလေးများသာပါဝင်သော မိသားစု) ဖြစ်ပြီး၊ အနီးကပ် အရင်းအချာနှင့် နီးစပ်သော မိသားစုများပါဝင်သော ပေါင်းစပ်အိမ်ထောင်စုသည် ဒုတိယ ဖြစ်သည်။ နျူကလိယမိသားစုများ၏ ရာခိုင်နှုန်းသည် ထိုင်ဝမ်သက္ကရာဇ် ၁၀၂ နှစ်နှင့် ၁၀၇ နှစ် စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက တိုးများလာခဲ့သည်။ မိသားစု၏ လစဉ်ပျမ်းမျှဝင်ငွေမှာ

၆၂,၁၅၀ ယွမ် ရှိပြီး ဤဝင်ငွေသည် သာမန်မိသားစု လစဉ် ပျမ်းမျှဝင်ငွေ ၁၁၇,၂၅၀ ယွမ်ထက် နည်းသည်။ သို့သော် ထိုင်ဝမ်သက္ကရာဇ် ၁၀၇ ခုနှစ် စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ၁၈.၂၁% တိုးလာခဲ့ပြီး တိုးလာနှုန်းမှာ သာမန်မိသားစု၏ ၇.၃၇% ထက် မြင့်သည်။ ၆ သောင်းထက် မြင့်သော လစဉ်ဝင်ငွေရရှိသော မိသားစု ရာခိုင်နှုန်း အချိုးအစား သိသိသာသာ တိုးလာသည်။

**(ဂ) သားသမီး ပြုစုပျိုးထောင်မှု အခြေအနေ**

ဤစစ်တမ်းအရ နေထိုင်သူသစ်များ၏ ၈၈.၇% တွင် သားသမီးရှိပြီး အများစုသည် ကလေး ၂ ယောက်ရှိကြသည်။ ပျမ်းမျှ ကလေးဦးရေမှာ ၁.၆၀ ဦးခန့်သာ ရှိသည်။ ကလေးမရှိသော ရာခိုင်နှုန်းသည် တဖြည်းဖြည်းလျော့နည်းလာသည်။ ပျမ်းမျှ ကလေးအရေအတွက်မှာတဖြည်းဖြည်း တိုးလာနေသည်။ နေထိုင်သူသစ်များနှင့် တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် နေထိုင်သူသစ် ကလေး ၁၇,ယျ ဦး၏ အချက်အလက်များကို ရှာဖွေစုဆောင်းခဲ့သည်။ စစ်တမ်းအချက်အလက်များအရ ကလေးများ၏ ၈၇% သည် ထိုင်ဝမ်ကို အမြဲနေထိုင်ရာနေရာအဖြစ် ရွေးချယ်ထားကြသည်။ လက်ရှိအချိန်တွင် နေထိုင်သူသစ် ကလေးများ၏ ၃၀% သည် မူကြို သို့မဟုတ် မူလတန်း ပညာရေးစနစ်တွင် တက်ရောက်နေကြပြီး ကလေးများ၏ ထက်ဝက်ကျော်သည် အသက် ၁၆ နှစ်ကျော်ပြီး အလုပ်ခွင်သို့ ဝင်ရောက်ရန် ပြင်ဆင် သို့မဟုတ် တရားဝင် ဝင်ရောက်နေပြီးဖြစ်သည်။ နေထိုင်သူသစ်၏ ၄၃.၁%သည် သားသမီးများကို ၎င်းတို့၏ ဇာတိမွေးရပ်မြေသို့ ပြန်ပြီး အလုပ်လုပ်ရန် အားပေးသည်။ နေထိုင်သူသစ်များတွင် ပညာရေးအဆင့်မြင့်လေ၊ ထိုင်ဝမ်တွင် နေထိုင်ချိန်နည်းလေ ၎င်းတို့၏ကလေးများကို နိုင်ငံ(နယ်စပ်)ဖြတ်ကျော်ပြီး နိုင်ငံတကာတွင် အလုပ်လုပ်ရန် အားပေးလေ ဖြစ်သည်။

## ၅။ ။ လူမှုဘဝနေထိုင်ရေးနှင့် လိုက်လျောညီထွေအောင် လူမှုရေးတွင် ပါဝင်သော အခြေအနေ

**(က) တရုတ်ဘာသာစကားစွမ်းရည်**

နေထိုင်သူသစ်များ၏ တရုတ်စကား နားထောင်စွမ်းရည်နှင့် စကားပြောစွမ်းရည်သည် စာဖတ်၊ စာရေးစွမ်းရည်ထက် ပိုမိုကောင်းမွန်သည်။ ၈၆.၇% နှင့် ၈၄.၅% နေထိုင်သူသစ်များသည် ၎င်းတို့၏ နားထောင်စွမ်းရည်နှင့် စကားပြောစွမ်းရည်သည် ကောင်းမွန်သည်ဟု အသီးသီးယူဆကြပြီး ၅၂.၂% နှင့် ၄၀.၄% တို့က ၎င်းတို့၏ အဖတ်၊ အရေး စွမ်းရည်ကောင်းမွန်သည်ဟု ထင်မြင်သည်။ နားထောင်စွမ်းရည်နှင့် စကားပြောစွမ်းရည်သည် အသက်ကြီးလာသည်နှင့်အမျှ ထိုင်ဝမ်တွင် နေထိုင်ချိန်ကြာလေ တိုးတက်လာလေဖြစ်ပြီး စာဖတ်၊ စာရေးစွမ်းရည်၏ ကွာဟချက်လည်း နည်းလာလေဖြစ်သည်။ နေ့စဉ်လူနေမှုဘဝတွင် အသုံးပြုသည့်ဘာသာစကားမှာ အများအားဖြင့် တရုတ်ဘာသာဖြစ်ပြီး မိခင်ဘာသာစကား (မွေးရပ်ဇာတိမြေဘာသာစကား) သည် ဒုတိယဖြစ်သည်။ (လူ ၁၀၀ လျှင် ၂၄ဦး အသုံးပြုသည်။)

**(ခ) လူမှုရေးဆိုင်ရာ ပူးပေါင်းပါဝင်မှု ခြုံငုံသုံးသပ်ချက်**

နေထိုင်သူသစ် ၃၁.၅% သည် လွန်ခဲ့သောနှစ်တွင် လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး အနားယူအပန်းဖြေလှုပ်ရှားမှုများနှင့် ဘာသာရေးဆိုင်ရာပွဲတော်များတွင် ပါဝင်သည့် နှုန်းမှာ အများဆုံးဖြစ်သည်။ ၎င်းတို့အနက်မှ ၂၈.၃% သည် ပွဲတော်များ ပြင်ဆင်မှုများတွင် ပါဝင်ခဲ့သည်။ လှုပ်ရှားမှုများတွင် မပါဝင်နိုင်ခြင်း၏ အဓိကအကြောင်းရင်းများမှာ အလုပ်တဖက်၊ ကျောင်းတဖက်နှင့် အလုပ်များနေခြင်း (လူ ၁၀၀ လျှင် ၅၆ ဦး)၊ ဆန္ဒမရှိခြင်း (လူ ၁၀၀ လျှင် ၄၁ ဦး) မိသားစုဝင်များကို စောက်ရှောက်ရခြင်း (လူ ၁၀၀ လျှင် ၃၂ ဦး) တို့ဖြစ်သည်။

**(ဂ) ထိုင်ဝမ်တွင် နေထိုင်မှုအခက်အခဲနှင့် လူမှုထောက်ပံ့ရေး ရရှိနိုင်သောနည်းလမ်းများ**

ထိုင်ဝမ်တွင် နေထိုင်သူသစ်များ ကြုံတွေ့ရသည့် ပြဿနာများတွင် ကိုယ်ရေးကိုယ်တာ ကိစ္စမျိုးစုံ၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ မိသားစု၊ လူမှုဆက်ဆံရေး၊ ပတ်ဝန်းကျင်နှင့် အပြန်အလှန်ဆက်ဆံရေး

စသည်တို့တွင် အဓိကကားဖြင့် ငွေကြေးဆိုင်ရာပြဿနာများ (လူ ၁၀၀ လျှင် ၂၀ ဦး) နှင့် မိမိကျန်းမာရေးပြဿနာများ (လူ ၁၀၀ လျှင် ၈ ဦး) နှင့် မိမိ၏ အလုပ်အကိုင်ပြဿနာများ (လူ ၁၀၀ လျှင် ၈ ဦး) တို့ဖြစ်သည်။

စားဝတ်နေရေး၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ပုဂ္ဂိုလ်ရေးလုံခြုံမှု စသည်တို့နှင့် ပတ်သက်သော အခက်အခဲများနှင့် ကြုံတွေ့ရသောအခါ နေထိုင်သူအသစ်များအတွက် အဓိက အားပေးထောက်ပံ့သူများမှာ ၎င်းတို့၏ အိမ်ထောင်ဖက်၊ ထိုင်ဝမ်လူမျိုး သို့မဟုတ် ဇာတိမွေးရပ်မြေမှ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ဆွေမျိုးများ ဖြစ်သည်။ ရဲဌာန/ရဲစခန်းများ၊ ခရိုင် မြို့တော်အစိုးရများ၊ ရပ်ကွက်လူကြီးများ၊ အိမ်တွင်း အကြမ်းဖက်မှု ကာကွယ်ရေးစင်တာ၊ အကာအကွယ်ပေးရေး အရေးပေါ်ဖုန်းလိုင်း ၁၁၃၊ နေထိုင်သူသစ် မိသားစုဝန်ဆောင်မှုစင်တာ စသည်တို့သည် အကူအညီရယူရန် ဦးစားပေးခံရသော နည်းလမ်းများဖြစ်သည်။ နေထိုင်သူသစ်များ ထိုင်ဝမ်တွင် နေထိုင်ချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့၏အိမ်ထောင်ဖက်၊ အိမ်ထောင်ဖက်၏ မိဘများ အပေါ် မှီခိုအားထားမှု လျော့နည်းလာသော်လည်း သားသမီးများအပေါ် မှီခိုအားထားမှု အတိုင်းအတာမှာ တိုးမြင့်လာသည်။

**(ဃ) သတင်းအရင်းအမြစ် ရရှိသောနည်းလမ်းများ**

အစိုးရစောင့်ရှောက်ရေး ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်ရယူရန် နည်းလမ်းချန်နယ်များတွင် "ဆွေမျိုးမိတ်ဆွေမှ အသိပေး အကြောင်းကြားခြင်း၊ နှုတ်စကားဖြင့်ဖြန့်ဝေခြင်း" (လူ ၁၀၀ လျှင် ၅၇ ဦး)၊ "အင်တာနက်တွင် ရှာဖွေခြင်း" (လူ ၁၀၀ လျှင် ၃၇ ဦး)၊ "တီဗီအစီအစဉ်များ ကြည့်ရှုခြင်း" (လူ ၁၀၀ လျှင် ၃၆ ဦး) တို့သည် အများဆုံးဖြစ်သည်။ ထို့ကြောင့် သတင်းအချက်အလက် ဖြန့်ဝေရာတွင် လူမှုဆက်ဆံရေး ကွန်ရက်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ပြသနေသည်။

**(င) ထိုင်ဝမ်၏ ဘဝပျော်ရွှင်မှုညွှန်းကိန်း**

နေထိုင်သူသစ်များ ယခုတလော ပျော်ရွှင်မှုရှိ/ မရှိ မေးမြန်းရာတွင် ၉၂.၁% က ပျော်ရွှင်ကြပြီး ၇.၉% မှာ

မပျော်ရွှင်ပါ။ ပညာရေးအဆင့်မြင့်လေ အိမ်ထောင်စုဝင်ငွေ များလေလေ ပျော်ရွှင်မှုနှုန်း မြင့်မားလေလေဖြစ်သည်။ အသက် ၅၅ နှစ်ကျော်သူများ၏ မပျော်ရွှင်မှု ရာခိုင်နှုန်းမှာ အသက် ၅၅ နှစ်မကျော်သူများထက် မြင့်မားနေသည်။ ဤသည်မှာ မိမိ သို့မဟုတ် အိမ်ထောင်ဖက်၏ကျန်းမာရေး စောင့်ရှောက်မှု ပြဿနာနှင့် အသက်အိုရွယ်လာသောအခါ စီးပွားရေး ဝင်ငွေရင်းမြစ် မတည်ငြိမ်ခြင်း စသည့်ပြဿနာများနှင့် ဆက်စပ်မှုရှိနိုင်သည် ။

## ၆။ ။ ပြုစုစောင့်ရှောက်ဝန်ဆောင်မှု အမျိုးမျိုး၏ ဆောင်ရွက်မှု အစီအမံများအတွက် လိုအပ်ချက်အခြေအနေ

### (က) ပြုစုစောင့်ရှောက်ဝန်ဆောင်မှုများတွင် ပါဝင်ခြင်း အခြေအနေ

နေထိုင်သူသစ်များ၏ ၆၃.၉% သည် နေထိုင်သူသစ် ပြုစုစောင့်ရှောက်ဝန်ဆောင်မှုများတွင် ပါဝင်ခဲ့ပြီး “မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားမောင်းသင်တန်း၊ လိုင်စင်စာမေးပွဲသင်တန်း” (လူ ၁၀၀ လျှင် ၄၄ ဦး)၊ “အရွယ်ရောက်သော လူများအတွက် အခြေခံပညာရေး လေ့လာဆွေးနွေးရေး သင်တန်းနှင့် စာတတ်မြောက်ရေးသင်တန်း” (လူ ၁၀၀ လျှင် ၁၄ ဦး) တို့တွင် အများဆုံး ပါဝင်သည်။ ၃၇.၁% နေထိုင်သူသစ်များသည် တက်ရောက်ပါဝင်သော အတွေ့အကြုံမရှိခြင်း၏ အဓိကအကြောင်းရင်းများမှာ အလုပ်အကိုင် (၄၂.၄ ဦးစားပေး)၊ မိသားစု/ သားသမီးများကို စောင့်ရှောက်ခြင်း (၃၀.၅% ဦးစားပေး)၊ စိတ်ဝင်စားမှုမရှိခြင်း (၂၆.၅ ဦးစားပေး)၊ အိမ်မှုကိစ္စများ (၂၁.၇ ဦးစားပေး) စသည်တို့ဖြစ်သည်။

### (ခ) သင်တန်းနှင့် ဝန်ဆောင်မှု လိုအပ်ချက်များ

ယေဘုယျအားဖြင့် လူမှုဘဝနှင့်သက်ဆိုင်သော သင်တန်းများတွင် "ဆေးဘက်ဆိုင်ရာ စောင့်ရှောက်ကုသမှု အတတ်ပညာ"၊ "ဘာသာစကား လေ့ကျင့်ရေး၊ စာတတ်မြောက်ရေး ပညာရေး" နှင့် "ကျန်းမာရေး စောင့်ရှောက်မှု အသိပညာ" တို့သည် လိုအပ်ချက်အမြင့်ဆုံး ဖြစ်သည်။ ဆေးဝါးနှင့်

ကျန်းမာရေး ဝန်ဆောင်မှု အစီအမံများတွင် လိုအပ်ချက် အများဆုံးမှာ "ဆေးဘက်ဆိုင်ရာ ထောက်ပံ့ကြေးများ ပေးဆောင်ခြင်း"၊ "ဆေးကုသနေသောအခါ ဘာသာပြန် အကူအညီပေးခြင်း "၊ "ကူးစက်ရောဂါများနှင့် ရောဂါနှင့်ဆိုင်သော အသိပညာပေးခြင်း"နှင့် "ကလေးများ၏ ကျန်းမာရေး စစ်ဆေးမှုကို ကူညီထောက်ပံ့ပေးခြင်း" တို့ဖြစ်သည်။ လူမှုဘဝစောင့်ရှောက်ရေး ဝန်ဆောင်မှု လိုအပ်ချက်များတွင် "အလုပ်အကိုင်အခွင့်အရေးများကို ကာကွယ်ခြင်း"၊ "လူမှုဘဝဆိုင်ရာ အကူအညီပေးရေး အစီအမံများ"နှင့် " သားသမီးများ၏ ကျောင်းပညာရေးအတွက် ကူညီပေးခြင်း" စသည့်အတွက် လိုအပ်ချက် ပိုများသည်။ ထို့အပြင် ဤစစ်တမ်းအရ နေထိုင်သူသစ်များ ထိုင်ဝမ်တွင် နေထိုင်ချိန်ကြာလေ "ရေရှည်စောင့်ရှောက်မှု ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များ ပေးဆောင်ရန်" ပိုမိုလိုအပ်လေဖြစ်သည်။ ထိုင်ဝမ်တွင် ၅ နှစ်အောက် နေထိုင်သူသစ်များသည် "အလုပ်အကိုင်အခွင့်အရေးများကို အကာအကွယ်ပေးခြင်း"၊ " သားသမီးများ၏ ကျောင်းပညာရေးအတွက် အကူအညီပေးခြင်း"၊ "နေထိုင်သူ သစ်များအတွက် တိုင်ပင်ဆွေးနွေးဝန်ဆောင်မှု ကောင်တာ အများအပြား ဖွင့်လှစ်ပေးခြင်း" နှင့် "သားသမီးများကို ယာယီထိန်းသိမ်းစောင့်ရှောက်ရန် ကူညီမှု" တို့အတွက် လိုအပ်ချက် မြင့်မားသည်။

## ၇။ ။ အသက် ၅၀ ကျော် နေထိုင်သူသစ်များ၏ လူမှုဘဝ

### (က) သက်ကြီးရွယ်အိုများ၏ဘဝ စောင့်ရှောက်၊ ဂရုစိုက်မှုနှင့် စိုးရိမ်ပူပန်မှုများ

အသက် ၅၀ ကျော် နေထိုင်သူသစ်များ စိုးရိမ်သော သက်ကြီးရွယ်အို အဓိကပြဿနာများမှာ "မိမိ ကျန်းမာရေး" (၆၀.၄%)၊ "အိမ်ထောင်ဖက်၏ကျန်းမာရေး" (၃၉.၈%)၊ " စီးပွားရေး ဝင်ငွေရင်းမြစ်" (၃၄.၅%)ဖြစ်ပြီး အသက်အရွယ် ကြီးလာသည်နှင့်အမျှ ပြဿနာအမျိုးမျိုးအပေါ် စိုးရိမ်ရသော ရာခိုင်နှုန်းမှာလည်း တဖြည်းဖြည်း မြင့်တက်လာသည်။ ၎င်းတို့အနက် "မိမိတို့၏မိဘ၊

အိမ်ထောင်ဖက်၏မိဘကို ပြုစုစောင့်ရှောက်ရသောပြဿနာ" ကို စိုးရိမ်နေသူများတွင် နေထိုင်သူသစ် ၉၈.၂%၏ မိဘများသည် မူရင်းနိုင်ငံတွင် နေထိုင်နေကြသည်။ ထို့ကြောင့် မိဘများကို ပြုစုစောင့်ရှောက်ရသော အခက်အခဲပေါင်းများစွာထဲတွင် နေထိုင်သူသစ်တို့သည် မိဘများကို ရေခြားမြေခြား အဝေးမှပြုစုစောင့်ရှောက်ရန် ခက်ခဲပြီး မလွယ်ကူသောကြောင့် ၎င်းအခက်အခဲသည် အခြားအခက်အခဲများထက် ပိုမိုများပြား၊ ကြီးမားသည်။

**(ခ) သက်ကြီးရွယ်အို စောင့်ရှောက်ရန် နေရာနှင့် လူမှုဘဝ ပံ့ပိုးမှု အစီအစဉ်ဆိုင်ရာ အတွေးအမြင်**

အသက် ၅၀ ကျော် နေထိုင်သူသစ်များ၏ ၇၇.၃% သည် ထိုင်ဝမ်တွင် အငြိမ်းစားယူမည်ဟု ရွေးချယ်ပြီး ၇.၁% မှာ မူရင်းနိုင်ငံသို့ ပြန်မည်။ ၁၅.၆% မှာ ယခုအချိန်ထိ ဆုံးဖြတ်ချက် မချရသေးပါ။ ထိုင်ဝမ်တွင် အငြိမ်းစားယူလျှင် အများဆုံး လိုအပ်သော အကူအညီများမှာ "ရေရှည်စောင့်ရှောက်မှု ဝန်ဆောင်မှုများနှင့် ၎င်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပေးဆောင်ရန်" (၅၆.၀%)၊ "လူလတ်ပိုင်းနှင့် သက်ကြီးရွယ်အိုများ အလုပ်အကိုင်ရရှိရန် ကူညီ ပံ့ပိုးခြင်း"(၁၈.၆%) နှင့် " ဥပဒေရေးရာ အကြံဉာဏ်ပေးခြင်း" (၁၀.၁%) စသည်တို့ ဖြစ်သည်။

**(ဂ) ထိုင်ဝမ် ဘဝအတွေ့အကြုံနှင့် လူနေမှုပတ်ဝန်းကျင်အပေါ် ယေဘုယျ ခံစားချက်/အမြင်**

အိမ်ထောင်ပြုချိန်မှ လက်ရှိအချိန်အထိ ထိုင်ဝမ်၏ လူနေမှုပတ်ဝန်းကျင် ဘဝအတွေ့အကြုံအပေါ် ၎င်းတို့၏ ယေဘုယျခံစားချက် ပြောင်းလဲခြင်း / ခြားနားခြင်း ရှိမရှိကို အသက် ၅၀ ကျော် နေထိုင်သူသစ်များအား မေးမြန်းသောအခါ ၅၀% ကျော်က "နေထိုင်သူအသစ်အပေါ် ထိုင်ဝမ်လူ့အဖွဲ့အစည်း၏ သဘောထား၊" " အလုပ်ခွင်၌ နေထိုင်သူသစ်များအပေါ် ဖော်ရွေမှု အတိုင်းအတာ၊" နှင့် "နေထိုင်သူသစ်များအပေါ် ထိုင်ဝမ်အစိုးရ၏ဝန်ဆောင်မှုနှင့် လူမှုဖူလုံရေး အစီအမံများကပေးသော ကာကွယ်စောင့်ရှောက်မှု"တို့သည် တိုးတက်လာသည်ဟု ခံစားမိကြပြီး ၄၀%

ကျော်က သိပ်မခြားနားဟု ပြောသည်။ "ထိုင်ဝမ်ရှိ နေထိုင်သူသစ်များ၏ အခွင့်အရေး" နှင့် ပတ်သက်၍ ၄၆.၀% က ပိုကောင်းလာသည်ဟု ထင်မြင်ပြီး ၅၁.၂% က သိပ်မခြားနားဟု ယူဆကြသည်။ မည်သည့်ရှုထောင့်မှကြည့်ကြည့် ပိုဆိုးလာသည်ဟု ခံစားရသူများ၏ ရာခိုင်နှုန်းသည် ၄% အောက်သာရှိသဖြင့် နေထိုင်သူသစ်များနှင့် ပတ်သက်သော အစိုးရ၏ မူဝါဒများသည် ထိရောက်အောင်မြင်ကြောင်း ညွှန်ပြနေသော်လည်း ထိုင်ဝမ်လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည် ဘာသာပေါင်းစုံပါဝင်သည့် မတူကွဲပြားပြီး ဖော်ရွေသော လူ့အဖွဲ့အစည်းဆီသို့ ဆက်လက်ရွေ့လျားချီတက်နိုင်ရန် ရေရှည်သုတေသနနှင့် ဒေတာခွဲခြမ်းစိတ်ဖြာမှုများ၊ စစ်တမ်းများမှ တစ်ဆင့် သက်ဆိုင်ရာမူဝါဒများကို အချိန်နှင့်တစ်ပြေးညီ ချိန်ညှိ၊ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။